# ပဒိုမန်းငြိမ်းမောင် မတရားရင်ဆိုင်နေရသောအမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်နှင့် တိုင်းရင်းသားလူငယ်များအင်အားစု ပူးတွဲသဘောထားထုတ်ပြန်ချက်

(၁)၂၀၁၁ခုနှစ်၊ ဇူလိုင်လတွင်တရုပ်ပြည်မှ မြန်မာပြည်ထဲပြန်ပို့ခံရပြီးအာဏာပိုင်တွေရဲ့ မတရားဖမ်းဆီးခြင်း ခံနေရသော ကရင်အမျိုးသားအစည်းအရုံး (KNU)၏ဗဟိုကော်မတီဝင် ပဒိုမန်းငြိမ်းမောင်သည် မတ်လ (၁၃) ရက်နေ့မှာ ပုဒ်မ ၁၇/၁ အရ တရားမဝင်အသင်းဆက်သွယ်မှု၊ *ပုဒ်မ ၁၂၂/၁ အရ နိုင်ငံတော် ပုန်ကန်မှုနဲ့* အမြင့်ဆုံး သေဒဏ်၊ အနိမ့်ဆုံး တသက်တကျွန်း အမိန့်ချနိုင်သည်ဟု ကြား*သိရပါသည်*။

(၂) ဦးသိန်းစိန်အစိုးရအနေဖြင့် "ပြည်တွင်းငြိမ်းချမ်းရေး" စကားလုံးတွေ အပြောတွေဖြင့်မျှသာမဟုတ်ပဲ လက်တွေ့ကျကျအကောင်အထည်ဖေါ်ဆောင်ရွက်ရန်အတွက်ပဒိုမန်းငြိမ်းမောင်အပါအဝင်အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ဆက်စပ်ပြီး ဖမ်းဆီးထိန်းသိမ်းအပြစ်ဒါဏ်ချမှတ် ထားခြင်းခံနေရသူများအားလုံးကိုချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်လိုအပ်ကြောင်း တောင်းဆိုအပ်ပါသည်။

(၃) ယနေ့ကာလတွင် တိုင်းရင်းသားညီအစ်ကိုများအားလုံးနှင့်အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စု၏ရေရှည်အကျိုးစီးပွားအတွက်ကိုမျှော်မှန်းကာ နှစ်ပေါင်း (၆၀) ကျော်ရှည်ကြာနေပြီးဖြစ်သောပြည်တွင်းစစ်ပြဿနာနှင့် နိုင်ငံရေးပဋိပက္ခများကို အဆုံးသတ်နိုင်ရေးဦးစားပေး အရေးတကြီးဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

(၄) တိုင်းရင်းသားလူမျိုးပေါင်းစုံမှီတင်းနေထိုင်သော ပြည်ထောင်စုကြီးတဝှမ်းပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အပြန်အလှန်ယုံကြည်မှုစိတ်ချစွာဖြင့် အတူတကွလက်တွဲရပ်တည်နိုင်ရေးအတွက် ပဒိုမန်းငြိမ်းမောင်အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ဆက်နွယ်၍ မတရားဖမ်းဆီးချုပ်နှောင်ထားခြင်း ခံနေရသူများအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးခြင်းဖြင့် စစ်မှန်သောပြုပြင်ပြောင်းလဲရေးကိုစတင်ရန် လိုအပ်ပါကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
တိုင်းရင်းသားလူငယ်များအင်အားစု
ရက်စွဲ။ ။ ၂၀၁၂ ခုနှစ်၊ မတ်လ (၁၂) နေ့

ဆက်သွယ်ရန်။
နော်ဆန်း+၆၆(၀)၈၄၈၁၁၉၅၉၄ ။ လိုည်းမိုးလှိုင် +၆၆(၀)၈၉၄၃၅၀၂၇၃